ရခိုင်အမျိုးသမီးများအစည်းအရုံး
**Rakhaing Women Union**
(H.O) 2c/9, Pallabi, Mirpur, Dhaka- 1216, Bangladesh. Border Office, Panechora, Cox's Bazar.
(Inside Office- Kyaung Tat Lan quarter, Sittway, Rakhaing State, Myanmar)
Tel: +8801732649007, +959421760392. Email: rakhaingwomenunion@gmail.com

Ref: Date: ............................

၂၁- ၁၁- ၂၀၁၄

# ဝမ်းနည်းကြောင်းသဝဏ်လွှာ

၂၀၁၄ခုနှစ်၊ နိုဝင်ဘာလ၊ (၁၉)ရက်နေ့၊ မွန်းလွဲ ၁၂း၃၆ အချိန်တွင် ဗမာတပ်မတော် ခြေမြန်တပ်ရင်း (၃၈၉) တပ်ဖွဲ့မှ KIO ကြီးမှူးဖွင့်လှစ်သော အရာရှိလောင်း သင်တန်းကျောင်းအား(၁၀၅)မမဖြင့် ပစ်ခတ် တိုက်ခိုက်မှုကြောင့် တိုင်းရင်းသား ဗိုလ်လောင်းများ တနေရာတည်း၌ စုပုံကျဆုံးခြင်းပြင်းထန်သောထိခိုက် ဒဏ်ရာရမှုများဖြစ်ရခြင်းတို့ ကိုသိရှိလာရပါသဖြင့် မိမိတို့ ရခိုင်အမျိုးသမီးများအစည်းအရုံးမှ များစွာ ဝမ်းနည်းကြေကွဲ ရပါသည်။

မိမိတို့ အမျိုးသမီးများသည် တိုင်းရင်းသားအချင်းချင်း တဦးကို တဦးသတ်ဖြတ်နေခြင်း၊ သွေးချောင်း စီးတိုက်ပွဲများဖြစ်ပေါ်ခြင်း တို့ ကိုအလျဉ်းမလိုလားတော့ပေ။ မြန်မာနိုင်ငံငြိမ်းချမ်း၍ တိုးတက်ဖွံ့ဖြိုးသော လူ့ဘောင် တရပ်ဖြစ်ပေါ်ရေးကို သာ မြင်တွေ့လိုပေသည်။

သို့ဖြစ်၍ မပြေမလည်ရှိနေသော နိုင်ငံရေးကိစ္စဟူသမျှတို့ကို နိုင်ငံရေးစားပွဲခုံ၌ အတူတကွထိုင်၍ ဖြေရှင်းရန် အထူးအရေးကြီးနေကြောင်း နှင့် တစ်ဆို့မှုများရှိနေသေးသည်များကို တဖက်နှင့် တဖက် ချစ်ကြည်စွာလက်တွဲ ဖြေရှင်းနိုင်သည့် နည်းလမ်းများကို ရှာဖွေကြပါရန် သက်ဆိုင်သူများအားလုံးသို့ တိုက်တွန်းပါသည်။

ကျဆုံးသွားကြသော တိုင်းရင်းသားဗိုလ်လောင်းများအားလုံး ကောင်းသောဘုံ၌ စံပျော်နိုင်ကြပါစေဟု ဝမ်းနည်းကြေကွဲစွာဆုတောင်းယင်း၍သဝဏ်လွှာကို ပေးပို့အပ်ပါသည်။

ရခိုင်အမျိုးသမီးများအစည်းအရုံး

ရခိုင်ပြည်

ဖုံး 09 25 40 66 936